Government of South Australia
Department for Education

**Office of the Chief Executive**
31 Flinders Street
Adelaide SA 5000
GPO Box 1152
Adelaide SA 5001
DX 541

w www.education.sa.gov.au

ခင်မင်ရသော မိဘများ နှင့်
စောင့်ရှောက်သူများ၊

**COVID-19** သည် ကျွန်ုပ်တို့အတွက် တစ်ဦးချင်းပုဂ္ဂိုလ်အဖြစ်၊ မိသားစုများ အဖြစ်နှင့် လူမှုအသိုင်းအဝိုင်းများ အဖြစ် အမျိုးမျိုးသော အခက်အခဲများနှင့် ရင်ဆိုင်စေခဲ့သည်။

ကျွန်ုပ်တို့၏ ဆရာဆရာမများနှင့် အထောက်အကူပြုဝန်ထမ်းများသည် ဤကိစ္စကို အောင်မြင်စွာ တုံ့ပြန်ခဲ့ကြောင်း ကျွန်ုပ်တို့ ပြောဆိုရန်အတွက် ဂုဏ်ယူပါသည်။ လူမှုအသိုင်းအဝိုင်းဝင်များအဖြစ် သူတို့တွင် ရှိနိုင်ဖွယ်သော စိတ်သောကများရှိကြသော်လည်း သူတို့သည် မိမိတို့၏ ကျောင်းသူကျောင်းသားများ၏ ဆက်လက် ပညာသင်ကြား ပေးရေးကို ရှေ့တန်း၌ တင်ပေးနေလျက်ရှိပါသည်။

ကျောင်းများနှင့် မူကြိုကျောင်းများသည် မရှိမဖြစ် လိုအပ်သည့် ဝန်ဆောင်မှုတစ်ခုဖြစ်ပါသည်။ သြစတြေးလျနိုင်ငံ တစ်ဝန်း အကြီးတန်း ကျွမ်းကျင်သူများထံမှ အများပြည်သူဆိုင်ရာ ကျန်းမာရေး အကြံဉာဏ်မှာ ကျောင်းများအနေဖြင့် ဆက်လက် ဖွင့်ထားနိုင်ပြီး ဖွင့်ထားသင့်သည်ဖြစ်ပါသည်။

ကျွန်ုပ်တို့အနေဖြင့် ကျွန်ုပ်တို့၏ စာသင်ခန်းများနှင့် ကစားရာနေရာများတွင် ကျန်းမာရေး အကြံဉာဏ်၊ နှင့် ၎င်းတို့၏ လူမှုရေးဆိုင်ရာ ခပ်ခွာခွာနေခြင်းနှင့် တစ်ကိုယ်ရေသန့်စင်ရေး လုပ်ကိုင်ပုံများအပေါ် အကြံပြုချက်များအား လမ်းညွှန်သည့်အတိုင်း ဆက်လက်လုပ်ပါမည်။ ကျွန်ုပ်တို့၏ ကျောင်းသူကျောင်းသားများ၊ ဝန်ထမ်းများနှင့် ကျောင်းအသိုင်းအဝိုင်း၏ ဘေးကင်းလုံခြုံရေးနှင့် သာယာဝပြောရေးသည် ကျွန်ုပ်တို့ အဆင့်မြင့် အရည်အသွေးရှိသည့် ပညာသင်ကြားရေးကို ဆက်လက် ဆောင်ရွက်နေသည့် အလျောက် ထိပ်ဆုံး ဦးစားပေးမှုတစ်ခုဖြစ်ပါသည်၊

အများအပြားသောသူတို့မှာ **COVID-19** ကူးစက်ပျံ့နှံ့မှုကို ကူညီတားဆီးပေးရန် အိမ်၌နေပေးနေစဉ် ကျွန်ုပ်တို့သည် ရပ်ဆိုင်းနေမည် မဟုတ်ပါ။

ဤပြည်နယ်၌ ကျွန်ုပ်တို့၏ ကလေးများနှင့် လူငယ်လူရွယ်များအတွက် ပညာရေး ဆက်လက်သင်ကြားပေးရေးမှာ ကျွန်ုပ်တို့၏ အဓိက အာရုံစိုက်မှုအဖြစ် ဆက်လက်ရှိနေပါသည်။ ဆရာဆရာမများ၊ စောစောပိုင်း ကလေးအရွယ် ပညာသင်ကြားပေးသူများ၊ ကျောင်းအုပ်ကြီးများနှင့် ဌာန ဝန်ထမ်းများသည် – ဤမကြုံစဘူးသည့် အချိန်ကာလတွင် မိသားစုများနှင့် စောင့်ရှောက်သူများကို ပံ့ပိုးပေးရန် ကျွန်ုပ်တို့၏ ကမ်းလှမ်းမှုများကို မကြုံစဘူး ပြောင်းလဲ လုပ်ပေးနေလျက်ရှိပါသည်။

လွန်ခဲ့သည့်အပတ်၌ ကျွန်ုပ်တို့သည် **Our Learning SA** ဟူသော ပညာရေးကို ဖွင့်လှစ်လိုက်သည်၊ ၎င်းမှာ ကလေးများ အိမ်၌ ရှိနေစဉ် သူတို့၏ ပညာရေးကို ဆက်လက် ဆည်းပူးစေရန် ကလေးများနှင့် လူငယ်လူရွယ်များကို ပံ့ပိုးပေးရန်အတွက် ရာနှင့်ချီသော ပညာသင်ကြားရေးဆိုင်ရာ အရင်းအမြစ်များကို သိုလှောင်ပေးထားသည့် ဝက်ဘ်ဆိုက်တစ်ခုဖြစ်သည်။ ပါဝင်သည်များမှာ **ABC TV** အစီအစဉ်များသို့ အချိတ်အဆက်လင့်များဖြစ်သည်၊ ၎င်းတို့မှာ အဆင့်မြင့်မားသော အရည်အသွေးရှိကြပြီး ကျောင်းသူကျောင်းသားများ ပညာဆည်းပူးရေးကိုလည်း အထောက်အကူပြုနိုင်ပါသည်။ ၎င်းမှာ ပို၍ များလာဖို့သာရှိပါသည်၊ ထို့ကြောင့် ကျေးဇူးပြု၍ ကြည့်ရှုပါ
w www.ourlearning.sa.edu.au.

ကျွန်ုပ်တို့သည် ဝက်ဘ်ဆိုက်တွင် မိသားစု အပိုင်းကဏ္ဍအတွက် အကြံဉာဏ်တစ်ခုကိုလည်း ဖန်တီးထားပါသည်၊

၎င်းတွင် ကျောင်းသူကျောင်းသားများနှင့် မိသားစုများအတွက် ဗီဒီယိုများနှင့် အချက်အလက်စာရွက်များရှိပါသည်၊ ပါဝင်သည်မှာ–

- ပညာဆည်းပူးရာ ပတ်ဝန်းကျင်တစ်ရပ်ကို သတ်မှတ်ပေးခြင်း
- အိမ်၌ ပညာဆည်းပူးနေစဉ် ပျော်ရွှင်စွာနှင့် ကျန်းမာစွာ နေခြင်း
- သင့်ကလေးနှင့်အတူ အိမ်၌ စာဖတ်ခြင်း
- အွန်လိုင်း ပညာဆည်းပူးခြင်းအတွက် ကြိုတင်ပြင်ဆင်ခြင်း
- COVID-19 နှင့်ပတ်သက်၍ သင့်ကလေးနှင့် စကားပြောဆိုခြင်း

အဝေးမှ ပညာဆည်းပူးခြင်းဆိုင်ရာ အစီအမံများ ချမှတ်ပေးရာ၌ ကျောင်းများနှင့် မူကြိုကျောင်းများမှာ မတူကွဲပြားသော အဆင့်များ၌ ရှိကြပါသည်။ ထို့ပြင် ကလေးတိုင်းတွင် အိမ်၌ ကွန်ပျူတာ သို့မဟုတ် အင်တာနက် ရှိကြသည် မဟုတ်ကြောင်း ကျွန်ုပ်တို့ သိပါသည်။

ဤအပတ်၊ ကျောင်းသားမဲ့ လေးရက်အတောအတွင်း၊ ကျွန်ုပ်တို့ ဆရာဆရာမများသည် အိမ်မှနေ၍ ပညာဆည်းပူးရေးကို နောက်ထပ်အဆင့်သို့ မြင့်တင်ပေးကြမည်ဖြစ်ပါသည်။

ကျွန်ုပ်တို့သည် ဆရာဆရာမတိုင်းအတွက် အလားတူ တကယ့်စာသင်ခန်း ပုံသဏ္ဌာန် ရရှိအောင် လုပ်ပေးနေသည်ဖြစ်ပြီး ကွန်ပျူတာ မရှိသည့် ကလေးများ သို့မဟုတ် အင်တာနက် မရှိသည့် ကလေးများကု မိမိတို့၏ အတန်းနှင့် ဆက်သွယ်လျက်ရှိအောင် နည်းလမ်းများကို စုံးစမ်းပေးနေလျက်ရှိပါသည်။ ၎င်းမှာ စာရွက်ဖြင့် အရင်းအမြစ်များကို ဆောင်ရွက်ရ၍ ဆရာဆရာမများမှာ ၎င်းတို့ကို လိုအပ်သည့် ကျောင်းသူကျောင်းသားများအတွက် ပြင်ဆင်ပေးနေခြင်းဖြင့် အလုပ်များနေလျက်ရှိပါသည်။

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ဝန်ထမ်းများနှင့် ဆရာဆရာမများမှာ ကျောင်းဖွင့်တန်းကာလ ၂ အတွက် ကြိုတင်ပြင်ဆင်ရန် မည်သို့ ပူးပေါင်းဆောင်ရွက်နေသည်ကို ဆက်လက်ပြီး အားကျလျက်ရှိပါသည်။

အကယ်၍ သင့်တွင် အပို ပံ့ပိုးမှု တစ်ခုခု လိုအပ်လျှင် သို့မဟုတ် မေးရန်မေးခွန်း တစ်ခုခုရှိလျှင် ကျေးဇူးပြု၍ သင့်ကလေး၏ ဆရာဆရာမနှင့် ပြောဆိုလုပ်ကိုင်ပါ။

ရိုးသားစွာဖြင့်၊

**Hon John Gardner MP**
ပညာရေး ဝန်ကြီး

၂၀၂၀ ခုနှစ် ဧပြီလ ၇ ရက်

**Rick Persse**
အုလုပ်အမှုဆောင် အရာရှိချုပ်

၂၀၂၀ ခုနှစ် ဧပြီလ ၇ ရက်